**CHIN NATIONAL FRONT**

General Headquarters, Chinland

www.chinland.org

## ချင်းအမျိုးသားတပ်ဦး၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရန်ဆုံးဖြတ်ချက်ချမှတ်ထားခြင်းအပေါ် သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် ၂၀၁၃ ခုနှစ်မှ စတင်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှင့် နိုင်ငံတော်အစိုးရတို့အကြား (၂) နှစ်နီးပါ ညှိနှိုင်းဆွေးနွေးခဲ့သည့် လုပ်ငန်းစဉ်၏ရလဒ် ဖြစ်ပါသည်။ ချင်းအမျိုးသားတပ်ဦးသည်လည်း ဤသဘောတူစာချုပ်မူကြမ်းရေးဆွဲရေးတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၌ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကိစ္စ မှအပ NCA ပါ အချက်အလက်များအားလုံးကို သဘောတူလက်ခံထားပြီး ဖြစ်သည်။

၃။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးရာတွင် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှ အသိသက်သေများအဖြစ် ပါဝင် လက်မှတ်ရေးထိုးရန် ညှိနှိုင်းသဘောတူထားသည့်အတိုင်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အသိသက်သေများ အဖြစ် ပါဝင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပံ့ပိုးကူညီဆောင်ရွက်သွားမည် ဖြစ်သည်။

၄။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေး နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အားလုံးပါဝင်ရေး တို့အတွက် အစဉ်တစိုက် ကြိုးပမ်းခဲ့သည်။ NCCT နှင့် SD ညှိနှိုင်းဆွေးနွေးပွဲများ မှတဆင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၅) ဖွဲ့မှ ထိပ်သီးခေါင်းဆောင် (၅) ဦး၊ SD အဖွဲ့ခေါင်းဆောင် (၃) ဦး နှင့် NCCT အဖွဲ့ခေါင်းဆောင် (၁) ဦးတို့ နေပြည်တော်သို့ သွားရောက်ကာ နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးညှိနှိုင်း ခဲ့သည်အထိဆောင်ရွက်ခဲ့ပါသည်။ NCA အား လက်မှတ်ရေးထိုးရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်လာကြသောအဖွဲ့အစည်းအားလုံးကသဘောတူလက်ခံသည်။ လတ်တလော၌ NCA လက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးပါဝင်နိုင်ခြင်းမရှိသေးသော်လည်း အားလုံးပါဝင်လာနိုင်ရေးကိုဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။

Chin National Front – General Headquarters, Chinland

၅။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လွှတ်တော်အတွင်းမှ ကြိုးပမ်းမှုများရှိခဲ့သော်လည်း မအောင်မြင်သည်ကို တွေ့မြင်ရပါသည်။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ကြိုးပမ်းသွားမည် ဖြစ်သည်။

၆။ ချင်းအမျိုးသားတပ်ဦးသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးအတွက် တစိုက်မတ်မတ် တောင်းဆိုခဲ့သည့်အတိုင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မှသည် နိုင်ငံရေးဆွေးနွေးပွဲများဆီသို့ တက်လှမ်းသွားမည် ဖြစ်သည်။

၇။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၈-၃၀) ရက်နေ့များတွင်ပြုလုပ်သည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေး (EAOs Summit) တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လတ်တလောလက်မှတ်ရေးထိုးနိုင်သည့် အဖွဲ့အစည်းများ နှင့် လတ်တလောလက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့်အဖွဲ့အစည်းများဟူ၍ မတူသည့် ချဉ်းကပ်မှုနည်းနာများ ဖြင့် NCA အား လက်မှတ်ရေးထိုးရန် နားလည်မှု တည်ဆောက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးရန် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၀-၂၃) ရက်နေ့များတွင် ပြုလုပ်သည့် ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ချင်းအမျိုးသားတပ်ဦးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

၈။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးသည် အဆင့်(၇) ဆင့်ရှိသော NCA ပါ နိုင်ငံရေးလမ်းပြမြေပုံ၏ ပထမအဆင့်သာဖြစ်ပါသည်။ ထို့ကြောင့်အပစ်အခတ်ရပ်စဲရေး မှတဆင့် အားလုံးပါဝင်သောနိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းကာ ချင်းအမျိုးသားများလိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ချင်းပြည်သူများနှင့်အတူတကွလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

ဒေါက်တာရွှေခါးရ်    + (၉၅) ၉၄၀၀၅၁၁၉၉၉
ဆလိုင်းထလာဟေး    + (၆၆) ၉၅၇၉၂၉၃၇၂

Chin National Front – General Headquarters, Chinland